မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း
MYANMAR PULSES, BEANS, MAIZE & SESAME SEEDS MERCHANTS ASSOCIATION
SHWE ZABU RIVER VIEW COMPLEX, 23G-1, NO. 3B, TOWER (C), ROOM NO. (C-402), 5TH FLOOR, STRAND ROAD, YANGON. MYANMAR.
TEL : 95-1-2301772 EMAIL : office@mpbmsma.org

# အသိပေးကြေငြာချက်

စာအမှတ်။ ။ ၁/မပန (စီမံ)/၂၀၂၄ (၁၉၇၉)။
ရက်စွဲ။ ။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်။

၁။ လက်ရှိအချိန်တွင် ပြည်ပကုန်ဝယ်သူများမှ ၎င်းတို့ဝယ်ယူသွားသည့် ကောက်ပဲသီးနှံများ ပြည်ပကုန်ချဆိပ်ကမ်းသို့ ရောက်ရှိချိန်တွင် ကုန်သေတ္တာအတွင်းရှိ Weight ချိန်များ လျော့နည်းသည့် ဖြစ်စဉ်များ ဖြစ်ပေါ်ခြင်းကြောင့် အသင်းထံ ဖြေရှင်းပေးရန် တင်ပြချက် ရှိလာပါသည်။

၂။ အသင်းမှ အသင်းဝင်ပို့ကုန်ကုမ္ပဏီများထံ စုံစမ်းမေးမြန်းချက်အရ အပိုဒ် (၁)ပါ ဖြစ်စဉ်များသာမက သိုလှောင်ရုံတွင် ကုန်ပစ္စည်းစစ်ဆေးရေးအဖွဲ့များ၊ ကုန်ဝယ်သူ၏ ကိုယ်စားလှယ်များမှ စနစ်တကျ စစ်ဆေး၍ ကုန်သေတ္တာများအား ကုန်ပစ္စည်းစစ်ဆေးရေးအဖွဲ့၏ စည်းခတ်၍တင်ဆောင်ပေးလိုက်သည့် ကောက်ပဲသီးနှံ တချို့သည် ရန်ကုန် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ရောက်ရှိချိန်တွင် စည်းအနေအထားပျက်ယွင်းနေသောကြောင့် ဖွင့်ဖောက်စစ်ဆေးရာတွင် လျော့နည်းသည့် ဖြစ်စဉ်တချို့ရှိကြောင်း၊ သိုလှောင်ရုံနှင့် ဆိပ်ကမ်းသို့သွားသည့် လမ်းခရီးတစ်နေရာတွင် မသမာသူ ယာဉ်မောင်းအချို့မှ အလွဲသုံးစားမှုများ ဆောင်ရွက်ခဲ့ပြီး ကုမ္ပဏီမှ စစ်ဆေးသိရှိချိန်တွင် ထွက်ပြေးတိမ်းရှောင်သွားသည့် ဖြစ်စဉ်များရှိကြောင်း၊ သင်္ဘောတင်ဆောင်ရမည့် အချိန်အကန့်အသတ်ကြောင့် တရားဥပဒေအရ အမှုဖွင့်ခြင်းကို မဆောင်ရွက်နိုင်ဘဲ သက်ဆိုင်ရာကုန်တင်ယာဉ်ပိုင်ရှင်နှင့်ညှိနှိုင်း၍ ဖြေရှင်းခဲ့ရသည့် ဖြစ်စဉ်များလည်း မကြာခဏ ဖြစ်ပေါ်လာနေကြောင်း သိရှိရပါသည်။

၃။ သို့ဖြစ်၍ ကောက်ပဲသီးနှံများ အမြောက်အမြားတင်ပို့နေသည့် မိမိနိုင်ငံအပေါ် ပြည်ပကုန်ဝယ်သူများမှ အထင်အမြင်လွဲမှားမှုများ မရှိစေရန်အတွက် သိုလှောင်ရုံတွင် မိမိကိုယ်ပိုင်စည်းခတ်၍ ဆိပ်ကမ်းအတွင်း ရောက်ရှိသည်အထိ လျော့နည်းမှုများ မရှိအောင် တာဝန်ယူ ဆောင်ရွက်ပေးနိုင်သည့် အကောက်ခွန် ရှင်းလင်းရေးအဖွဲ့ (Agent) များကို လုပ်ငန်းအပ်နှံပေးပါရန်နှင့် မိမိကုမ္ပဏီ၏ ကိုယ်ပိုင်စည်းကိုလည်းထားရှိကာ ဆိပ်ကမ်းသို့ ရောက်ရှိချိန်တွင် သိုလှောင်ရုံတွင် တင်ဆောင်ပေးခဲ့သည့် အနေအထားအတိုင်း မှန်ကန်မှု ရှိ/မရှိ အဘက်ဘက်မှ ပူးပေါင်းစစ်ဆေးပေးကြပါရန်နှင့် သံသယရှိပါက ဖွင့်ဖောက်စစ်ဆေး၍ အချိန်နှင့်တစ်ပြေးညီ အရေးယူ ဆောင်ရွက်မှုများ ဆောင်ရွက်ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း**